# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထုအခန်းကဏ္ဍ အပိုင်း(၁)

## ဖွဲ့ စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေး အတွက် လူထုရဲ့ အခန်းကဏ္ဍ

နအဖ ဟာ မကြာခင်မှာ အမျိုးသားညီလာခံကို အဆုံးသတ်ပြီး အသင့်ပြင်ဆင်ရေးဆွဲထားတဲ့ သူ့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုတော့မယ် ဆိုတဲ့ သတင်းတွေထွက်ပေါ်နေပါတယ်။ ဒါနဲ့ပတ်သက်လို့ လူထုအကြားမှာရော၊ ဒီမိုကရေစီရေးအတွက်ဖြစ်စေ၊ တိုင်းရင်းသားအရေးအတွက်ဖြစ်စေလှုပ်ရှားလုပ်ဆောင်နေတဲ့ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အကြားမှာပါ ရိုက်ခတ်မှုတွေ ရှိလာတယ်။ သဘောထားအမြင် အမျိုးမျိုးတွေ ပေါ်ထွက်လာပါတယ်။

လူထုအများစုအကြားမှာ ရှိနေတဲ့ အနေအထားကတော့ နအဖ ပြင်ဆင်ရေးဆွဲနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုရော အဲသည် ဖွဲ့ စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် လှုပ်ရှားမှု တခုလုံးကိုပါ စိတ်မဝင်စားကြခြင်းဖြစ်ပါတယ်။ ဘာကြောင့် အခုလိုစိတ်မဝင်စားကြတာလဲ ဆိုတာကို သုံးသပ်ကြည့်ရင်

(၁) ဖွဲ့ စည်းပုံအခြေခံဥပဒေ ဟာ လူထုဘဝ နဲ့ ဘယ်လိုတိုက်ရိုက်ပတ်သက်နေတယ် ဆိုတဲ့အပေါ် ကောင်းစွာ အမြင်မရှင်းကြဘူး။

(၂) တိုင်းပြည်ရဲ့အချုပ်အခြာအာဏာဟာ လူထုဆီကနေ ဆင်းသက်လာတယ် ဆိုတဲ့ အယူအဆနဲ့ **လူတဦးချင်း** လွတ်လပ်မှု၊ လူ့အဖွဲ့ အစည်းတခုလုံးအတွင်း ညီမျှမှု၊ တရားမျှတမှုတွေ အပေါ်မှာ အခြေခံပြီး အစိုးရရဲ့အာဏာကို ကန့်သတ်ပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ပေါ်ပေါက်လာမှသာ လူထုဘဝဟာ ငြိမ်းချမ်းမှု နဲ့ တိုးတက်ဖွံ့ဖြိုးမှုရနိုင်မယ် ဆိုတဲ့အပေါ် လေ့လာခွင့် အသေအချာ မရကြဘူး။

(၃) ဖွဲ့ စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးဆိုင်ရာ လှုပ်ရှားမှု တခုလုံးမှာ လူထုရဲ့ ပါဝင်ပတ်သက်မှုကို အစီအစဉ်ရှိစွာနဲ့ငြင်းပယ်ခံနေရတာကြောင့် အသားကျသလို ဖြစ်နေပြီး ငါတို့ လုပ်လည်း ဘာမှထူးမှာ မဟုတ်ဘူးဆိုတဲ့ အမြင်မျိုးတွေ ဖုံးလွှမ်းနေကြတာတွေကြောင့် ဆိုတာတွေကို တွေ့ရမှာ ဖြစ်ပါ တယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာကိစ္စတွေကို လူထုကြီးတရပ်လုံးက စိတ်ဝင်တစားလေ့လာဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ တကမ္ဘာလုံးမှာရော အိမ်နီးချင်းနိုင်ငံတွေမှာပါ ကြည့်ပါ။ နိုင်ငံရေး စနစ်နောက်ခံတွေ တူချင်မှ တူမယ်။ တိုင်းပြည်ကို ရေရှည် တိုးတက်တည်ငြိမ်စေချင်တယ် ဆိုရင်တော့ မတူတဲ့ နိုင်ငံရေး စနစ်ကို ထင်ဟပ်ထားတဲ့ အခြေခံကနေပြီးတော့ဘဲ တူညီတဲ့ ဥပဒေ စိုးမိုးမှုစနစ်ကို ရှာဖွေတည်ဆောက်ကြရတာမျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ အနီးဆုံး အိန္ဒိယ၊ တရုတ်၊ စင်္ကာပူ၊ ထိုင်း နိုင်ငံကို သာဓက ပြပါမယ်။

အိန္ဒိယကို ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီ နိုင်ငံရယ်လို့တကမ္ဘာလုံးက လက်ခံကြရပြီး တရုတ်ကိုတော့ ကြောက်ခမန်းလိလိ အရှိန်နဲ့ ဖွံ့ဖြိုးလာနေတဲ့ နိုးနေသော နဂါးကြီးအဖြစ် အသိအမှတ်ပြုကြရပါတယ်။ နှစ်နိုင်ငံ လုံးဟာလည်း တိုးတက်မှု တည်ငြိမ်မှုမှာ စံထားလောက်တဲ့ နိုင်ငံတွေဖြစ်လာပါတယ်။ အိန္ဒိယက ဒီမိုကရေစီနိုင်ငံ၊ တရုတ်က ကွန်မြူနစ်နိုင်ငံ ဖြစ်တာကြောင့် စနစ်နှစ်ခုကွာခြားတယ်လို့ပြောရပါလိမ့်မယ်။ သို့ပေမယ့် နှစ်နိုင်ငံလုံးမှာ တူညီတာ ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို မဏ္ဍိုင်ပြုပြီး ဥပဒေစိုးမိုးမှုကို လေးစားလိုက်နာကျင့်သုံးတဲ့အချက်ပါဘဲ။

အထူးသဖြင့် တရုတ်ပြည်တိုးတက်လာတာဟာ သူတို့ ရဲ့ ခေါင်းဆောင်ကြီး တိန်ရှောင်ဖိန်ရဲ့ ငြိမ်းချမ်းမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုမှုကို လက်တွေ့ဖော်ဆောင်ရာမှာ ၁၉၈၀ ခုနှစ်နောက်ပိုင်းကစပြီး ဥပဒေစိုးမိုးမှုကို စနစ်တကျလိုက်နာကျင့်သုံးခဲ့တာကြောင့်ဖြစ်တယ်ရယ်လို့ တရုတ်ဥပဒေပညာရှင်များကိုယ်တိုင်က သုံးသပ်တင်ပြကြပါတယ်။ စင်္ကာပူနိုင်ငံကို ပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတခုဖြစ်တယ် ရယ်လို့ ဘယ်သူကမှ လက်မခံကြပါဘူး။ ဒါပေမယ့် သူ့ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဥပဒေစိုးမိုးမှု အခြေခံက ကြီးကြီးမားမား အထောက်အပံ့ပေးတယ် ဆိုတဲ့အချက်အပေါ်မှာတော့ အများစု အငြင်းမပွားကြပါဘူး။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး သည်ဘက်ခေတ်မှာ စီးပွားရေးအရ နောက်မှာများစွာ ကျန်နေခဲ့တဲ့ စင်္ကာပူ၊ ထိုင်းစတဲ့ နိုင်ငံတွေဟာ ယနေ့ကာလမှာ မြန်မာနိုင်ငံနဲ့ နှိုင်းယှဉ်လို့မရနိုင်တော့ လောက်အောင်ကို ဒီရေအလား တိုးတက်နေကြပြီဖြစ်ပါတယ်။ ဥပဒေ စိုးမိုးမှုမရှိရင် တိုင်းပြည်ဟာ ဘယ်တော့မှ တိုးတက်ဖွံ့ဖြိုးမှုမရှိနိုင်ဘူးရယ်လို့ ထိုင်းဘုရင်မင်းမြတ်က သူ့နိုင်ငံသားတွေကို အကြိမ်ပေါင်းများစွာ သင်ကြားလေ့ရှိတယ်။ ၁၉၉၇ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ထိုင်းအခြေခံဥပဒေကို ဖျက်သိမ်းပြီး ၂၀၀၆ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းခဲ့ပေမယ့် အဲဒီအခြေခံဥပဒေ နဲ့ အညီဖွဲ့စည်းတည်ရှိစေပြီး ဥပဒေစိုးမိုးမှုကို တည်ဆောက်ပေးတဲ့တိုင်းပြည်ရဲ့အာဏာပိုင် အဆောက်အအုံတွေဖြစ်တဲ့ တရားရုံးသုံးရုံးစနစ်၊ လူ့အခွင့်အရေးကော်မရှင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ အစိုးရအမှုထမ်းများ လုပ်ငန်းတာဝန်ထမ်းဆောင်မှုအပေါ် လေ့လာစုံစမ်း တင်ပြရတဲ့ အွန်ဘတ်စ်မင် အရာရှိ စတာတွေကို ဆက်လက်ထားရှိလည်ပတ်ပြီး ပိုမိုကောင်းမွန်တဲ့ အခြေခံဥပဒေ တရပ်ပေါ်ပေါက်လာအောင် လုပ်ဆောင်နေ ကြပါတယ်။ ဒါကြောင့် စစ်တပ်က အာဏာသိမ်းခဲ့တယ်ဆိုပေမယ့် ထိုင်းနိုင်ငံရဲ့စီးပွားရေးအပေါ် ကြီးမားတဲ့ထိခိုက်မှု မရှိတာကို တွေ့ရပါတယ်။

ဒီ အခြေခံတွေကနေ ယခုလက်ရှိ နအဖ ရေးဆွဲနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာ တကယ်ဘဲ ဥပဒေစိုးမိုးမှု အခြေခံကို တည်ဆောက်နိုင်ပါ့မလား ဆိုတာကို လေ့လာဆန်းစစ်ဖို့ လိုအပ်လာပါတော့တယ်။ ဒီနေရာမှာ အလေးထားပြောချင်တဲ့အချက်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်လာရုံနဲ့ ဥပဒေစိုးမိုးရေးရှိလာလိမ့်မယ် လို့ယူဆရင်တော့ တက်တက်စင်မှားပါလိမ့်မယ်။

ဥပဒေစိုးမိုးရေး အခြေခံကို တည်ဆောက်ပေးနိုင်ဖို့အတွက် ပထမအချက်အနေနဲ့ တင်ပြချင်တာကတော့ လူထုကနေ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကျင့်သုံးတဲ့စနစ်၊ တိုင်းပြည်ရဲ့ ဥပဒေပြု အဖွဲ့တွေကို လူထုကိုယ်စားလှယ်တွေ တက်ရောက်ပြီး ဥပဒေတွေ ပြဋ္ဌာန်းရတဲ့စနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အသက်သွေးကြောအဖြစ်ထည့်သွင်းပြဋ္ဌာန်းလေ့ရှိပါတယ်။ ဒီလိုဖွဲ့စည်းပုံအခြေခံဥပဒေ မျိုးပေါ်ပေါက်လာမှသာ ဥပဒေစိုးမိုးရေးအခြေခံကို တည်ဆောက်ပေးနိုင်မှာပါ။ ဒီသဘောအခြေခံကို အိန္ဒိယနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းမှာ ထင်ဟပ်ဖော်ပြထားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂) မှာ အတိအလင်းဖော်ပြထားပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ လွှတ်တော်မှာ စစ်ဗိုလ်တွေတက်ရောက်ပြီး ဥပဒေပြဋ္ဌာန်းတဲ့စနစ်ကို ယနေ့ကမ္ဘာမှာ မည်သည့်နိုင်ငံမှာမှ ကျင့်သုံးခြင်းမရှိကြပါဘူး။

ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဥပဒေတွေဟာ လူထုတွေရဲ့နေ့စဉ်ဘဝတွေကို လွှမ်းမိုးနေ ကြတာကို အားလုံးအသိပါ။ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုတာကို မှားယွင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုပြီး စစ်ဗိုလ်တွေကို ဥပဒေ ပြုလွှတ်တော်တွေမှာတက်ရောက်ပြီး တရားဝင်ဥပဒေပြုခွင့်ပေးရမယ့်စနစ်ကို ဖွင့်စည်းပုံအခြေခံဥပဒေ နဲ့အညီ ကျင့်သုံးဘို့ခွင့်ပြုလိုက်ရင် ဘာတွေဖြစ်လာမလဲဆိုတာကို မေးစရာရှိပါတယ်။

ပထမ အချက်ကတော့ ယနေ့လက်ရှိ တည်ရှိနေတဲ့ မတရားတဲ့ ဥပဒေတွေဟာ ဘယ်တော့မှ ရုပ်သိမ်းခံရမှာ မဟုတ်တော့ဘဲ ရာသက်ပန် ဆက်လက် တည်ရှိနေတော့မှာဖြစ်တယ်။ ဒုတိယအချက်ကတော့ နောင်ကိုလည်း မတရားတဲ့ ဥပဒေတွေ ဆက်လက်ပေါ်ပေါက်လာဖို့ကို လူထုက တရားဝင်အခွင့်အာဏာ ဆက်လက်အပ်နှင်းလိုက်ရတဲ့ သဘော ရောက်သွားပါတော့တယ်။

၂၀၀၇ ခုနှစ် ဧပြီလ (၅) ရက်နေ့မှာ နအဖက ပြဋ္ဌာန်းလိုက်တဲ့ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို လေ့လာကြည့်ပါ။ ပုဂ္ဂလိက ဆေးရုံဆေးခန်းတွေ အောင်မြင်စွာလည်ပတ်နိုင်ဖို့အတွက် ပံ့ပိုးထောက်ကူပေးမယ့် မည်သည့်ပြဋ္ဌာန်းချက် တစွန်းတစမှ ရှာဖွေမတွေ့ရပါဘူး။ နိုင်ငံတကာကနေ ကျန်းမာရေးနဲ့ ဆိုင်တဲ့ငွေရေးကြေးရေး၊ ရုပ်ဝတ္ထုပစ္စည်း၊ အတတ်ပညာ အကူအညီတွေ လွတ်လပ်စွာရှာဖွေနိုင်တယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မျိုး၊ ပုဂ္ဂလိက ဆေးရုံ ဆေးခန်းတွေ လည်ပတ်တဲ့ အခါမှာ ခေတ်မီဆေးဘက်ဆိုင်ရာ နည်းပညာတွေ၊ ဆေးရုံသုံး ခေတ်မီပစ္စည်း တွေ၊ ဆေးရုံဆေးခန်းများ ဆောက်လုပ်ရေး ပစ္စည်းတွေ၊ အရေးပေါ်သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်စတဲ့ အခြေခံတွေ ရရှိအောင် နိုင်ငံတော်ကနေ ဘယ်လို ပံ့ပိုးပေးသွားမယ်ဆိုတာမျိုး တလုံးတပါဒမျှ မတွေ့ရပါဘူး။ တားမြစ်ချက်တွေ၊ ကန့်သက်ချက်တွေ၊ ချုပ်ချယ်မှုတွေ၊ ထောင်ဒဏ်ငါးနှစ် အထိ ချမှတ်မယ်လို့ ခြိမ်းခြောက်မှုတွေနဲ့သာ ပြည့်လျှမ်းနေပါတယ်။ ရန်ကုန်တမြို့ လုံးမှာတောင်မှ လျှပ်စစ်မီးကို ပုံမှန်ရနေအောင် နအဖကိုယ်တိုင်က စီစဉ်

လုပ်ဆောင်မပေးနိုင်ပါဘဲနဲ့ ဆေးရုံဆေးခန်းတွေဟာ လျှပ်စစ်မီး ၂၄ နာရီရရှိဖို့ စီစဉ်ဆောင်ရွက်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မျိုးတွေ ထည့်သွင်းထားတဲ့ ဖိနှိပ်တဲ့ ဥပဒေ သက်သက်ဖြစ်နေပါတော့တယ်။

လူထုရဲ့စီးပွားရေးနဲ့လူမှုရေးဘဝအတွက် ဘယ်လိုမှ အကျိုးမဖြစ်တဲ့ ဒီလိုဖိနှိပ်တဲ့ ဥပဒေတွေ ဘာကြောင့် ပေါ်ပေါက်နေပါသလဲ။

ဥပဒေတွေ ပြဋ္ဌာန်းတဲ့ ဖြစ်စဉ်တွေမှာ လူထုအနေနဲ့အကြံပေးခွင့်၊ တင်ပြခွင့်၊ ဝေဖန်ခွင့်၊ ကန့်ကွက်ခွင့်၊ စနစ်တကျ ပါဝင်ခွင့်၊ ဦးဆောင်ပြဋ္ဌာန်းခွင့် မရလို့ဖြစ်ပါတယ်။

ဒီလိုဖြစ်နိုင်ဖို့ဆိုတာ ဥပဒေပြုတဲ့ အဖွဲ့တွေမှာ လူထုကိုယ်စားလှယ်တွေသာ ပါဝင်ရမှာသာမက လူထုတွေရဲ့လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ စည်းရုံးစုဝေးခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်တွေကို ဖွဲ့စည်းပုံ အခြေခံဥပဒေက အာမခံပြဋ္ဌာန်းပေးထားရမှာဖြစ်ပါတယ်။ နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ တခုလုံးကို အစကနေအဆုံး လေ့လာမယ်ဆိုရင် အဲဒါတွေ အားလုံးဆုံးရှုံးနေတာကို တွေ့ရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက်မှာ အထက်မှာ တင်ပြခဲ့တဲ့ ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာဥပဒေလိုမျိုး ထပ်မံပေါ်ပေါက်လာဦးတော့ လူထုအနေနဲ့ ဘာမှတတ်နိုင်မှာ မဟုတ်လို့ဖြစ်ပါတယ်။

ဒါကြောင့် လူထုကို တင်ပြချင်တဲ့ အချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ မိုးပေါ်မှာ ရှိနေတဲ့အရာမဟုတ်ပါဘူး။ မိမိတို့နဲ့ မသက်ဆိုင်တဲ့ အရာမဟုတ်ပါဘူး။ မိမိတို့ရဲ့နေ့စဉ်ဘဝ ကြမ္မာကို ချယ်လှယ်နေမယ့်အရာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်မှာ ဆိုးဝါးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် တရားဝင်တည်ရှိစေဖို့ လွယ်လင့်တကူ ခွင့်ပေးလိုက်တာမျိုး မဖြစ်သင့်ပါဘူး။

လူထုဟာ မကုန်ခန်းနိုင်တဲ့ စွမ်းအားရှင်ဖြစ်ပါတယ်။ မိမိတို့ရဲ့စွမ်းအား အရင်းအမြစ်တွေကို နည်းလမ်းပေါင်းစုံသုံးစွဲပြီး လူထုအခွင့်အရေးတွေကို ကာကွယ်ပြဋ္ဌာန်း၊ အစိုးရ ရဲ့လုပ်ပိုင်ခွင့် အာဏာကို ကန့်သတ်ထားတဲ့ စစ်မှန်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကောင်း တရပ်ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်းရမယ့် အချိန်ရောက်ပြီ ဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။